DNAသတင်းစဉ်

# လှေကား

အတွဲ ၂၊ အမှတ်စဉ် ၄     ၂၀၁၀ခုနှစ်၊ ဇွန်လ


## ၂၀၁၀ခုနှစ် ကမ္ဘာလုံးဆိုင်ရာDNAစည်းဝေး

ဘုရားသခင်ကျေးဇူးတော်ကြောင့် ကျွန်တော်ဟာ ၂၀၁၀ခုနှစ်၊ ဧပြီလပိုင်းက အမေရိကန်နိုင်ငံကို သွားရောက်ခဲ့ရပါတယ်။ ဤခရီးစဉ်ဟာ အင်မတန်အကျိုးဖြစ်ထွန်းသောခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ ပံ့ပိုးကူညီပေးခြင်းများကြောင့်သာဖြစ်ပါတယ်။

ခရီးစဉ်ကိုသွားဖြစ်ရခြင်းရဲ့အကြောင်းရင်းကတော့ Harvest Foundationမှ ကြီးမှူးတဲ့စည်းအဝေးတစ်ခုကို



ဒါကလည်း ဘုရားသခင်ရဲ့ကျေးဇူးတော်သက်သက်နှင့် ယုံကြည်သူ ညီအစ်ကိုမောင်နှမများ၏ ဆုတောင်းပေးခြင်း၊ တက်ရောက်ရန်ဖြစ်ပါတယ်။ ဒီအစည်းအဝေးကို ဧပြီလ ၁၅ရက်နေ့မှာအစပြုပါတယ်။

အာဖရိက၊ အာရှနှင့် လက်–တင်အမေရိကတို့မှ ဘာသာရေးခေါင်းဆောင်များတက်ရောက်လာကြတဲ့ ဤအစည်းအဝေးကြီးဟာ အင်မတန်မှခွန်အားရစရာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ညီညွတ်စွာနဲ့စုဝေးပြီး ဤကမ္ဘာမြေပေါ်တွင် ဘုရားသခင်ရဲ့နိုင်ငံတော်ကို တိုးချဲ့လုပ်ဆောင်ခြင်းနဲ့ပတ်သက်တဲ့စီမံကိန်းများအကြောင်း ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ စည်းဝေးတွင် ဒေါက်တာမောဖက်အပြင် ဒေါက်တာတိုနီဘာရွန်မှလည်း အစေခံခေါင်းဆောင်အကြောင်းဝေငှခြင်းအားဖြင့် အစေခံခေါင်းဆောင်များဖြစ်လိုသောဆန္ဒများနှင့် ဆက်ကပ်ပါဝင်ခဲ့ကြပါသည်။

အံ့သြစရာကောင်းတာတစ်ခုကတော့ အစည်းအဝေးကျင်းပရာ Phoenixမြို့နဲ့ မိုင်၂၀ခန့်ကွာဝေးသောHerberဆိုတဲ့မြို့ကလေးမှာ အစည်းအဝေးပြု


*စာမျက်နှာ(၂)သို့*


## မိုးသောက်ကြယ်ပွင့်များဘက်စုံဖွံ့ဖြိုးရေးသင်တန်း

‘‘မိုးသောက်ကြယ်ပွင့်များ’’ဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၂၀၀၄ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့တာ ယခု ၂၀၁၀ဆိုလျှင် (၇)နှစ်ရှိလာပါပြီ။ လူငယ်များရဲ့ဘဝအသက်တာမှာ သခင်ယေရှုကဲ့သို့ ခန္ဓာ၊ ဝိညာဉ်၊ ညာဏ၊ မိတ္တဗလ ဖွံ့ဖြိုးတိုးတက်လာဖို့ရန်အတွက် ‘‘လု ၂း၅၂’’ဆိုတဲ့ရွှေကျမ်းချက်ကို အခြေခံပြီးစီစဉ်ရေးဆွဲထားတဲ့သင်တန်းကျောင်းဖြစ်ပါတယ်။ လူငယ်မောင်မယ်တို့ရဲ့ အသက်တာဖွံ့ဖြိုးရုံမကပဲ အစေခံစိတ်သဘောရှိတဲ့ ခေါင်းဆောင်များဖြစ်လာသည်အထိ ပြုစုပျိုးထောင်ပေးနေပါသည်။

ယနေ့အထိ လူငယ်မောင်မယ် (၁၅၃)ဦးကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါသည်။ (၉)လတာသင်တန်းကျောင်းဖြစ်တဲ့အတွက် အခြေခံအုတ်မြစ်ကို ကောင်းမွန်စွာချပေးနိုင်ခဲ့ပါတယ်။ လူငယ်များစွာမှာ ရည်ရွယ်ချက်တွေရှိလာပြီး၊ ဘုရားသခင်အတွက်ဆက်ကပ်အသက်ရှင်လာကြပါတယ်။

၂၀၀၅ခုနှစ်မှစပြီး ၂၀၁၀မှာ ‘‘ဥသျှံခေါင်းဆောင်မှုဖွံ့ဖြိုးရေး’’သင်တန်းကျောင်းအဖြစ်မြှင့်တင်နိုင်ဖို့ဆုတောင်းလာခဲ့သည်မှာ ယခုနှစ်အောက်တိုဘာမှစတင်အကောင်အထည်ဖော်ဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။ ၂၀၀၅ မှ ၂၀၁၅ဆိုတဲ့ဆယ်နှစ်အတွင်းမှာ ဘက်စုံဖွံ့ဖြိုးရေးကျောင်းကို ပြည်နယ်နဲ့တိုင်း (၁၄)ခုစလုံးမှာဖွင့်သွားနိုင်ဖို့


*စာမျက်နှာ(၂)သို့*


## မြန်မာပြည်လုံးဆိုင်ရာ DNAခေါင်းဆောင်မှုအဖွဲ့ဝင်များ

- *မြန်မာပြည်ဆိုင်ရာညွှန်ကြားရေးမှူး – ဆရာဦးအောင်သက်ညွှန့်*
- *ရန်ကုန်တိုင်းညွှန်ကြားရေးမှူး – Dr. Pau Khan En*
- *မန္တလေးတိုင်းညွှန်ကြားရေးမှူး – Lal Thlamuana*

## မာတိကာ


| | |
|---|---|
| ၂၀၁၀ခုနှစ်ကမ္ဘာလုံးဆိုင်ရာ DNAအစည်းအဝေး | ၁ |
| မိုးသောက်ကြယ်ပွင့်များ ဘက်စုံဖွံ့ဖြိုးရေးသင်တန်း | ၁ |
| မျိုးစေ့စီမံကိန်းများ | ၂ |
| ဥသျှံသာသနာပြုခြင်း | ၃ |
| အစအဦး၌ဘုရားသခင် | ၅ |

## မြန်မာပြည်အတွင်း မျိုးစေ့စီမံကိန်းများ

၁။ ဆင်းရဲချို့တဲ့သည့်မိသားစုတစ်စုထံသို့ ကျွန်ုပ်နှင့်ဇနီးဖြစ်သူတို့ သွားရောက်ခဲ့သည်။ ၎င်းတို့အားဆန်တစ်အိတ်နှင့်



ခရစ်စမတ်ပွဲကျင်းပရန်နှင့် ၎င်းတို့၏ သမီးဖြစ်သူကျောင်းစရိတ်အတွက် ငွေ–အနည်းငယ်ပေးလိုက်သည်။ ထိုအခါ ထိုမိသားစုသည် နောက်ထပ်ရက်အနည်းငယ်စားသောက်ရန်ဆန်အနည်းငယ်သာ ကျန်တော့သည့်အတွက် ရရှိသည့်ဆန်သည် အချိန်မီပင်ဖြစ်ကြောင်းပြောပြခဲ့သည်။ ထိုရရှိသောငွေအနည်းငယ်ဖြင့်လည်း ၎င်းတို့၏သမီးလေးအတွက်ကျောင်းလခပေးနိုင်မည့်အကြောင်းပြောပြပါသည်။ ထို့အပြင် မိသားစုခရစ်စမတ်၌ အသင်္ချင်းတော်အားကျွေးမွေးခြင်းပြုနိုင်ခဲ့ပြီး ထိုနှစ်အတွက် ခရစ်စမတ်ပွဲကျင်းပရာ၌ ဝမ်းမြောက်စွာပါဝင်ဆင်နွှဲနိုင်ခဲ့သည်။

၂။ အလားတူပင် အသက်ရ၀အရွယ်ရှိ မယုံကြည်သူဗမာအဖွားအိုတစ်ဦးအားလည်း မေတ္တာလက်ဆောင်လေး တစ်ခုပေးခဲ့ပါသည်။ ထိုလက်ဆောင် ပေးခဲ့ပြီးသည့်အချိန်မှစ၍ သူမ၏နှလုံးသား

စာမျက်နှာ (၄)သို့

## ၂၀၁၀ခုနှစ် ကမ္ဘာလုံးဆိုင်ရာDNAစည်းဝေး [စာမျက်နှာ ၁ မှ အဆက်]

လုပ်နေစဉ်အတွင်းမှာပဲ ထူးထူးဆန်းဆန်းနှင်းတွေကျလာခဲ့ပါတယ်။ အစည်းအဝေးတက်ရောက်လာသူမိတ်ဆွေများရဲ့ ပြော–ကြားချက်အရ ဤကဲ့သို့နှင်းကျခြင်းဟာ Herberမြို့ကလေးမှ ပထမဦးဆုံးအကြိမ်ဖြစ်တယ်ဆိုတာသိရပါတယ်။ ကျွန်တော့်အနေနှင့်နှုတ်ကပတ်တော်တစ်ပိုဒ်ကို ဆင်ခြင်မိပါတယ်။ ''ညီအစ်ကိုတို့



သဘောတူလျက်ပေါင်း ဘော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်–တင့်တယ်လျောက်ပတ်ပေ၏။ ... ဟေရမုန်တောင်နှင့် ဇိအုန်တောင်ရိုးပေါ်သို့ ကျသောနှင်းကဲ့သို့ဖြစ်၏။'' (ဆာ ၁၃၃း၁–၃)

အစည်းအဝေးတက်ရောက်ပြီးနောက် ဘီလီဂရေဟမ်ဧဝံဂေလိအဖွဲ့အစည်းကြီး (Billy Graham Evangelist Association – BGEA)မှာရှိတဲ့ မိတ်ဆွေတစ်ချို့ (Dr. Bill Conard, Dr. Hans Mannergran)နဲ့ ကျွန်တော်တွေ့ဆုံခဲ့ပါတယ်။ ၎င်းတို့နဲ့အတူ မနက်ခင်းဝတ်ပြုအစည်းအဝေးမှာပါဝင်ခွင့်ရှိခဲ့သည့်အပြင် မြန်မာပြည်၏ လက်တလောအခြေအနေများ၊ ပြည်သူပြည်သားများအကြောင်းနဲ့ ကျွန်တော်တို့လက်ရှိလုပ်ဆောင်လျက်ရှိသော တို့မျှော်လင့်ရာပြည်မြန်မာ စီမံကိန်းနှင့် မဿဲနှင့်မိတ်ဆွေများ အစီစဉ်များအကြောင်းကို ဝေငှခွင့်ရခဲ့ပါတယ်။

> အလှူငွေထည့်ဝင်ရန်အတွက် အနောက်ဘက်တွင် ပေးထားသော ဆက်သွယ်ရန် လိပ်စာအတိုင်း DNAရုံးခန်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မိုးသောက်ကြယ်ပွင့်များဘက်စုံဖွံ့ဖြိုးရေးသင်တန်း [စာမျက်နှာ ၁ မှ အဆက်]

ရှုပါရုံထားပြီးဆုတောင်းခဲ့တာ ယခုနှစ်ဂျူလိုင်မှစတင်ပြီး ပြင်ဦး လွင်မှာ ပဏာမခြေလှမ်းအဖြစ်စတင်တိုးချဲ့ နိုင်ပြီဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်မှာတော့ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့မှာ ထပ်မံတိုးချဲ့ဖွင့်လှစ်ဖို့လည်းဆုတောင်းနေပါပြီ။ ကျောင်းမှာတက်ရောက်သွားပြီးသောလူငယ်များကလည်း မိမိတို့ပြည်နယ်၊ တိုင်းတွေမှာဖွင့်လှစ်နိုင်ဖို့ဆုတောင်းကြသည်သာမက၊ ကိုယ်တိုင်ဦးဆောင်ဖို့အထိ ဆက်ကပ်လာကြပြီဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ လူငယ်များစွာတို့ဟာ ဆင်းရဲခက်ခဲခြင်း၊ မူးယစ်ဆေးဝါး၊ ကိုယ်ပိုင်ခံယူချက်အမြင်မဲ့နေခြင်း၊ အနာဂတ်တွေပျောက်ပြီး ဘဝမှာအားမတန်မာန်လျှော့နေသည်သာမက ရည်မှန်းချက်များပါမဲ့လာကြတာ တွေ့ရပါတယ်။ အချို့ကလည်း ခက်ခဲမှုတွေကြားမှာ ရုန်းကန်ရင်းနဲ့ အောင်မြင်မှုတွေဆွတ်ခူးရရှိလာတာကိုတွေ့ရပါတယ်။ များသောအားဖြင့်ကတော့ လူငယ်များပျက်စီးပြီး အညွန့်ကျိုးတာတွေဖြစ်နေပါသည်။ လူငယ်များသည် မိမိတို့အတွက်ထားရှိသောဘုရားသခင်၏ကြီးမြတ်သော အကြံအစည်နှင့် မေတ္တာတော်ကိုနားလည်သဘောပေါက်ကာ လောကကို အကျိုးပြုသောသူများ၊ ဝင်းမှဲ့နေသော လယ်ပြင်မှာလုပ်ဆောင်သောသူများအဖြစ် မှတဆင့် ဝိညာဉ်သဘာဝပြည့်ဝသောခေါင်းဆောင်များဖြစ်သည်အထိ ဘုရားသခင်၏ပို့ဆောင်အသုံးပြုနိုင်ကြောင်းကို နှုတ်ကပတ်တော်အားဖြင့် အမြင်သစ်များရရှိစေရန်ကူညီပံ့ပိုးဖို့ ''မိုးသောက်ကြယ်ပွင့်များ'' ဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် ရပ်တည်နေပါကြောင်းနှင့် ဆုတောင်းပေးဖို့များစွာလိုအပ်ကြောင်းတို့ကို အသိပေးလျက်တင်ပြအပ်ပါသည်။

ခင်နှင်းဝေ
ညှိနှိုင်းရေးမှူး
(မိုးသောက်ကြယ်ပွင့်များ
လက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်း)

## ဥဿုံသာသနာပြုခြင်း

ကမ္ဘာ့ဘာသာကြီးတစ်ခုဖြစ်သော ခရစ်ယာန်ဘာသာကို အခြားဝေါဟာရစကားလုံးတစ်ခုနှင့် ဖော်ပြမည်ဆိုပါက ''ပြောင်းလဲခြင်း'' (transformation)ဟူသောဝေါဟာရသည် အမှန်ကန်ဆုံးနှင့် အသင့်လျော်ဆုံးသောစကားလုံးဖြစ်ပါလိမ့်မည်။ ခရစ်ယာန်ဘာသာသက်ဝင်ယုံကြည်သူများက နှစ်နှစ်ကာကာယုံကြည်ထားသော နှုတ်ကပတ်သမ္မာကျမ်းစာတော်ကိုလေ့လာသောအခါ ဤပြုပြင်ပြောင်းလဲခြင်းသည် ကဏ္ဍ(၃)ခုရှိကြောင်း တွေ့ရှိရပါသည်။

ပထမပြောင်းလဲရမည့်အရာမှာ (Personal Transformation of the Individuals) လူသားတစ်ဦးချင်းစီဖြစ်လေသည်။ လူသားအားလုံးတို့သည် ဇာတိပကတိအားဖြင့် အတ္တပဓါနစိတ်ထား(self-centeredness)ဖြင့် အသက်ရှင်ကြပါသည်။ ထိုအတ္တ(ခေါ်)မာန်မာနကို အချုပ်အခြာအလယ်ဗဟိုရှိ၍ထားသောအသက်တာမှ ခရစ်တော်ကို အလယ်ဗဟိုရှိ၍ထားသောအသက်တာ (Christ-centeredness)သို့ အသက်ရှင်ကာပြုပြင်ပြောင်းလဲခြင်းခံရပါမည်(၂ကော ၅း၁၇)။ သမ္မာကျမ်းစာသည် ဤလူသားတစ်ဦးစီတို့၏ ပြုပြင်ပြောင်းလဲခြင်းကိုတောင်းဆိုသည်။ ဖော်ထုတ်ခဲ့လေသည်။ (လု ၁၉း၁–၁၀၊ ယော ၄း၁–၂၆၊ တ ၉း၁–၃၁)

ဒုတိယပြုပြင်ပြောင်းလဲရမည့်အရာမှာ လူမှုရေးတစ်ရပ်လုံးပြောင်းလဲခြင်း(Social Transformation) ပင်ဖြစ်သည်။ ခရစ်တော်ဤလောကသို့ လူ့ဇာတိခံယူပြီးကြွလာရခြင်းအကြောင်းရင်းမှာ ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ဖို့(မာ ၁း၁၅)၊ သို့တည်းမဟုတ် လူမှုတစ်ရပ်လုံးပြောင်းလဲဖို့ရန်ဖြစ်သည်(လု ၄း၁၈–၁၉)။ အထက်တွင်ဖော်ပြသော လူသားတစ်ဦးချင်းစီ၏ ပြောင်းလဲခြင်းမှစ၍ လူမှုရေးတစ်ရပ်လုံးပြောင်းလဲခြင်းသို့ ဆက်ရပါမည်။ ဤပြုပြင်ပြောင်းလဲမှုနှစ်ခုစလုံးရှိဖို့လိုအပ်ပါသည်။ လူမှုတစ်ရပ်လုံးပြောင်းလဲမှုမပါသော ဧဝံဂေလိတရားသည် ယင်းခရစ်ယာန်ဘာသာကို ဝိဝါဒတစ်ခုသာလျှင်ဖြစ်စေသည်။ (The gospel without social transformation makes Christianity as a fanatic religion and the gospel without personal conversion of the individual makes Christianity as an ideology.)

ဧဝံဂေလိတရားကြောင့်ပြုပြင်ပြောင်းလဲရမည့် တတိယအချက်မှာ ဘုရားရှင်ဖန်ဆင်းထားသောတောတောင်သဘာဝနှင့် ပတ်ဝန်းကျင်တစ်ခုလုံး (the whole created nature)ပင်ဖြစ်သည်။ တနည်းဆိုသော် တတိယပြောင်းလဲရမည့်အရာမှာ ဂေဟာဝန်းကျင်တစ်ခုလုံး (the whole environment)ပင်ဖြစ်သည်။ လူသားများအား ဘုရားရှင်က သူဖန်ဆင်းထားသောအရာခပ်သိမ်းကိုကြည့်ရှုစောင့်ရှောက်ရန် ဖန်ဆင်းခြင်းဖြစ်ပြီး၊ တာဝန်တစ်ရပ်ပေးထားပါသည်(က ၁း၁၈–၁၉)။ သို့ရာတွင် အပြစ်တရားကြောင့် လူသားများသည် ဖန်ဆင်းသောအရာအားလုံးကို ကြည့်ရှုစောင့်ရှောက်မည့်အစား ဖျက်ဆီးကြသည်။ ဖြုန်းတီးကြသည်။ တောတောင်သဘာဝ၊ ရေ၊ လေ၊ မြေ၊ တိရိစ္ဆာန်အားလုံးတို့ကို အလွဲသုံးစားပြုလုပ်ပြီး၊ မျိုးတုန်းအောင်ဖျက်ဆီးကြလေသည်။ ထို့ကြောင့်လည်း တောတောင်သဘာဝနှင့် ဖန်ဆင်းခံအရာအားလုံးတို့သည် ကယ်တင်ခြင်းနေ့ကို မျှော်လျက်ငြီးတွားကြသည်။ မြည်တမ်းကြလေသည် (ရော ၈း၁၈–၂၇)။

> **လူမှုတစ်ရပ်လုံးပြောင်းလဲမှု မပါသော ဧဝံဂေလိတရားသည် ယင်းခရစ်ယာန်ဘာသာကို ဝိဝါဒတစ်ခုသာလျှင် ဖြစ်စေသည်။**

ခရစ်တော်ယူဆောင်လာသော ဧဝံဂေလိတရား၊ ကယ်တင်ခြင်းတရားသည် ဤပြုပြင်ပြောင်းလဲခြင်းနယ်ပယ်(၃)ခု၊ လူသားတစ်ဦးစီ (Individual)၊ လူမှုတစ်ရပ်လုံး (Social)နှင့် ဖန်ဆင်းခြင်းအားလုံး (the whole creation)တို့ကိုအကျုံးဝင် သောဥဿုံဧဝံဂေလိတရားနှင့် ကယ်တင်ခြင်းပင်ဖြစ်လေသည်။

**Rev. Dr. Simon Pau Khan En**

Disciple Nations Alliance

အမှတ်(၂၁၉)၊ အောင်သုခလမ်း၊
(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့

ဖုန်း – ၆၆၃၀၉၁
E-mail:
DNA.Myanmar@gmail.com

# ကမ္ဘာကြီးပြောင်းလဲစေရန်အသင်းတော်အား ပြည့်တင်းတန်ဆာဆင်ခြင်း

## မျိုးစေ့စီမံကိန်းများ *(စာမျက်နှာ ၂ မှ အဆက်)*

သည်ပျော့ပြောင်းလာပြီး၊ ရပ်ဝေးမှနေ၍ ကျွန်ုပ်တို့ရှိရာသို့လာရောက်ခဲ့သည်။ သူမ၏နှလုံးသားသည် ကျေးဇူးတင် ဝမ်းမြောက်ခြင်းတို့ဖြင့်ပြည့်လျက်ရှိပြီး ကျွန်ုပ်တို့မိသားစုနှင့်အတူ စစ်မှန်သည့် မေတ္တာခံစားရခြင်း၏ အနှစ်သာရအား ဝေငှသက်သေခံခဲ့သည်။



၃။ နဝမတန်းကျောင်းသူတစ်ဦး၏ ဖခင်ဖြစ်သူသည် သူ၏သမီး ဆေးကုသမှုခံယူရန်အတွက် ကျွန်ုပ်တို့၏အိမ်၌နေစေရန် ခေါ်ဆောင်လာခဲ့သည်။ သမီးဖြစ်သူသည် သူမနှာခေါင်းထဲရှိကင်ဆာအကျိတ်လုံးကြောင့် မခံမရပ်နိုင်အောင် နာကျင်မှုဝေဒနာကိုခံစားနေရသည်။ သူမသည် မန္တလေးအစိုးရဆေးရုံကြီး၌ တက်ရောက်ကုသခဲ့ရသည်။ ၎င်းတို့အပေါ် ကျွန်ုပ်တို့၏နှိမ့်ချစွာ ကူညီထောက်မခြင်းနှင့် ဂရုပြုစောင့်ရှောက်ခြင်းအားဖြင့် ဘုရားသခင်၏ မေတ္တာတော်မြတ်နှင့်တို့ထိခံရမှုကြောင့် ဖခင်ဖြစ်သူသည် စိတ်သဘောထားများစွာပြောင်းလဲခဲ့ပြီး သူယခင်က လုံးဝတက်ရောက်ခဲ့ခြင်းမရှိသည့်



သူ၏မြို့ရှိအသင်းတော်၌ စတင်ပုံမှန်တက်ရောက်ခဲ့သည်။

# အစအဦး၌ဘုရားသခင်

**အကျိုးကျေးဇူးများ** – ဤသင်ခန်းစာ၌ တပည့်တော်များလုပ်ဆောင်သင့်သောအရာများမှာ

⇒ ပြီးခဲ့သည့်သင်ခန်းစာမှ သွန်သင်ချက်များ၊ လက်တွေ့လုပ်ဆောင်ချက်များကို ပြန်လည်ဆင်ခြင်ရန်။

⇒ ဘုရားသခင်သည် အရာအားလုံးကိုဖန်ဆင်းသောအရှင်ဖြစ်ကြောင်း၊ သူကိုယ်တိုင်သည် ဖန်ဆင်းခြင်းခံရသူမဟုတ်ကြောင်းနှင့် ဘုရားသခင်၌အစအဦးဆိုသည်မှာမရှိကြောင်း ရှာဖွေတွေ့မြင်လာစေရန်၊

⇒ ဘုရားသခင်သည် ဖန်ဆင်းခြင်းအားဖြင့်ဘုန်းထင်ရှားကြောင်းသိမြင်လာစေရန်၊

⇒ လူသားများသည် ဘုရားသွင်ဏာန်နှင့်အညီဖန်ဆင်းခံရသောကြောင့် တန်ဖိုးရှိကြောင်းနှင့် ဤအချက်သည် ကျွန်ုပ်တို့အသက်တာများနှင့် ပတ်သတ်ဆက်နွယ်မှုများတွင် အကျိုးသက်ရောက်မှုရှိကြောင်း ပြန်လည်သေချာမှုရှိစေရန်

**အဖွင့်ဆုတောင်း**

- သင်ခန်းစာစတင်ရန် တပည့်တော်တစ်ဦးဦးအား ဆုတောင်းခိုင်းပါ။

## ပြန်လည်လေ့လာခြင်း

**ပြီးခဲ့သောသင်ခန်းစာကို ပြန်လည်လေ့လာခြင်း**

- ပြီးခဲ့သောသင်ခန်းစာ၏ အဓိကဆိုလိုချက်များကို ပြန်လည်လေ့လာပါ။

**လက်တွေ့လိုက်နာကျင့်သုံးခြင်း၏ အတွေ့အကြုံများ**

- တပည့်တော်တစ်ဦး သို့မဟုတ် နှစ်ဦးအား မိမိတို့၏လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ရရှိသောအတွေ့အကြုံများကို အစီရင်ခံဝေငှခိုင်းပါ။

**သင်ကြားသူ၏လေ့လာတွေ့ရှိချက်များ**

- လက်တွေ့လိုက်နာကျင့်သုံးမှုများနှင့်ပတ်သတ်သော သင်၏ထင်မြင်ယူဆချက်များ၊ တွေ့ရှိချက်များကို တပည့်တော်များအား ဝေငှပါ။

## နိဒါန်း

**ဦးဆောင်လေ့ကျင့်ခန်း**

- လေ့လာရန်လမ်းညွှန်တွင်ရှိ ပုံ ၂–၁ မှ ၂–၄ အထိ တပည့်တော်များအား ပြညွှန်ပါ။

**စူးစမ်းအဖြေရှာရန်အကြံပြုမေးခွန်းများ**

- တပည့်တော်များသင်ခန်းစာအား စူးစမ်းလေ့လာနိုင်ရန်မေးခွန်းများမေးပါ။
  - ◊ ရုပ်ပုံကားချပ်တစ်ခုစီတိုင်းတွင် မည်သည့်အရာကို တွေ့မြင်ရသနည်း။
  - ◊ သင်တွေ့မြင်ရသည့်အရာများတွင် မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်သနည်း။
  - ◊ ဘုရားသခင်၏ဖန်ဆင်းခြင်းတွင် မည်သည့်အဆင့်သည်အမြင့်မားဆုံးဖြစ်သနည်း။

**ပေါင်းကူးဆက်သွယ်ပေးခြင်း**

- နိဒါန်းမှလေ့လာသင်ယူခြင်းသို့ ဦးဆောင်ခေါ်ဆိုသွားရန် အဆိုပြုချက်တစ်ခုပြုလုပ်ပါ။

  ဘုရားသခင်သည် ဘာမျှမရှိသည့်အရာထဲမှ အလုံးစုံကိုဖန်ဆင်းခဲ့သည်။ သို့ရာတွင် သူကိုယ်တိုင်မူ ဖန်ဆင်းခြင်းခံရသူမဟုတ်ပါ။ ဤစကြဝဠာကြီးသည် ဘုရားသခင်၏ ကြီးမားသောတန်ခိုးတော်အား သက်သေခံလျှက်ရှိပြီး၊ လူသားများအား ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ကြီးမားသောမေတ္တာကို ဖော်ပြနေပါသည်။ ဤကမ္ဘာလောကကြီးတစ်ခုလုံးအားဖန်ဆင်းခဲ့သည့်ဘုရားသခင်သည် ကျွန်ုပ်တို့အကြောင်းကိုလည်းစဉ်းစားပြီး ကျွန်ုပ်တို့ကိုဖန်ဆင်းခဲ့ပါသည်။

# လေ့လာသင်ယူခြင်း

**အဓိကကျမ်းချက်**

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။

(က ၁း၁)

**စူးစမ်းအဖြေရှာမေးခွန်းများ**

- မေးခွန်းများကို ဆွေးနွေးမှုအတိုလေးဖြင့် ဦးဆောင်ညွှန်ကြားပါ။
  - ◊ မည်သည့်အချိန်သည် အစအဦးဖြစ်သနည်း။ အစအဦး၌ မည်သူရှိနေခဲ့သနည်း။
  - ◊ ထိုအချိန်မတိုင်မီက အခြားတစ်စုံတစ်ရာရှိနေခဲ့ပါသလား။ မည်သည့်အရာကို ဖန်ဆင်းခဲ့သနည်း။
  - ◊ စကြဝဠာ၏ကြီးမားပုံနှင့် ထိုအရာအလုံးစုံတို့အား ဘုရားသခင်ဖန်ဆင်းခဲ့ကြောင်းသင်စဉ်းစားဆင်ခြင်ကြည့်သောအခါ မည်သို့ခံစားရသနည်း။ ဤအရာသည်သင့်အတွက် မည်သို့အဓိပ္ပါယ်ရှိသနည်း။

**အထောက်အကူပြုကျမ်းချက်များနှင့် စူးစမ်းအဖြေရှာမေးခွန်းများ**

- စူးစမ်းအဖြေရှာမေးခွန်းများကိုအသုံးပြု၍ တပည့်တော်များအား ကျမ်းချက်များကိုလေ့လာစူးစမ်းရန်စေခိုင်းပါ။ အကောင်းဆုံးပါဝင်လှုပ်ရှားမှုရရှိစေရန်အတွက် လူ(၃)ဦး သို့မဟုတ် (၄)ဦးပါအဖွဲ့များဖွဲ့စေပါ။

<u>ဖန်ဆင်းရှင်</u>

– ဟေ ၃၇း၁၆

- ဖန်ဆင်းခြင်းလက်ရာမည်မျှရှိသနည်း။
- ဖန်ဆင်းရှင်ဘုရားမည်မျှရှိသနည်း။

<u>ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်း</u>

– ၁ကော ၈း၅–၆ – ၁ကော ၁း၁၅–၁၈

– ဆာ ၁၀၄း၃၀

- ၁ကော၊ ကောလောသဲနှင့် ဆာလံကျမ်းတို့တွင် မည်သူ့အား ဖန်ဆင်းရှင်အဖြစ်ဖော်ပြထားသနည်း။
- ခမည်းတော်ဘုရားသခင်၊ သခင်ယေရှုခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော် သုံးပါးစလုံးသည် ဖန်ဆင်းခြင်း၌ပါဝင်ပါသလား။

<u>လူသား၏ထိုက်တန်မှုနှင့် ဘုရားသခင့်မေတ္တာတော်</u>

– ယေ ၁၀း၁၁–၁၂

- ကျွန်ုပ်တို့၏ဘုရားသခင်သည် စစ်မှန်သောဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့မည်ကဲ့သို့သေချာနိုင်သနည်း။
- ကျွန်ုပ်တို့၏ယဉ်ကျေးမှုဓလေ့တွင် အခြားသောဖန်ဆင်းခြင်းဆိုင်ရာပုံဝတ္ထုများ (သို့မဟုတ်) ယုံကြည်သက်ဝင်မှုများရှိပါသလား။ ဤအရာအားလုံး မှန်ကန်မှုရှိနိုင်ပါသလား။ အခြားဘုရားများနှင့်ပတ်သတ်ပြီး မည်သို့ရှိသနည်း။

– ဗျာ ၄း၁၁

- ဘုရားသခင်တစ်ပါးတည်းသာလျှင် ထိုအရာများအားလက်ခံရရှိရန် ထိုက်တန်သောသူဖြစ်သည်။ ထိုအရာဆိုသည်မှာ မည်သည့်အရာနည်း။ အဘယ်ကြောင့်နည်း။

– ဆာ ၁၃၉း၁၃–၁၈

- ဤကျမ်းပိုဒ်သည် လူတစ်ဦးတစ်ယောက်၏ အသက်တာတန်ဖိုးနှင့်ပတ်သတ်၍ မည်သည့်အရာကို ဖော်ပြထားသနည်း။
- ကျွန်ုပ်တို့အားဖန်ဆင်းရာတွင် ဘုရားသခင်သည် မည်သည့်ဂရုစိုက်မှုမျိုးရှိခဲ့သနည်း။ သင်တို့၊ ကျွန်ုပ်တို့တစ်ဦးချင်းနှင့်ပတ်သတ်ပြီး ဘုရားသခင် မည်မျှတွေးတောစဉ်းစားပေးသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် တစ်ဦးချင်း ရင်းနှီးသောမိဿဟာယဖွဲ့မှုရှိချင်သည်ဟု သင်ထင်ပါသလား။

<u>တီထွင်ကြံဆမှုရှိသောလူသား</u>

– ထွ ၃၁း၁–၅ – ထွ ၃၅း၂၅–၂၆

- အထက်ပါကျမ်းပိုဒ်နှစ်ပိုဒ်တွင် ဖော်ပြပါရှိသောလူများ၏ ထူးခြားသောအရည်အချင်းများကား အဘယ်နည်း။
- တီထွင်ကြံဆမှု၊ အရည်အသွေးနှင့် ပင်ကိုယ်အရည်အချင်းများအား ကျွန်ုပ်တို့မည်သည့်နေရာမှ ရရှိသနည်း။
- ကျွန်ုပ်တို့၏တီထွင်ကြံဆနိုင်စွမ်းအား မည်သို့အသုံးပြုသင့်သနည်း။

**ဖြည့်စွက်လုပ်ဆောင်ချက်**

လေ့ကျင့်ခန်းများ

- ဖန်ဆင်းရှင်အားကိုးကွယ်ဝတ်ပြုပါ – ဖန်ဆင်းရှင်ဘုရားအား အဖွဲ့လိုက်ဆုတောင်းခြင်းအားဖြင့်သော်၎င်း၊ သီချင်းအားဖြင့်သော်၎င်း၊ ဝတ်ပြုကိုးကွယ်ပါ။ သင်၏ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းမှုများသည် အထူးသဖြင့် ကျွန်ုပ်တို့ဤသင်ခန်းစာ၌လေ့လာခဲ့သည့်အရာများပေါ်တွင် အလေးထားချီးမွမ်းခြင်းများဖြစ်စေပါ။

အလွတ်ကျက်မှတ်ရန်

- လေ့လာရန်လမ်းညွှန်တွင်ပါဝင်သော အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်ကတ်ပြားများကိုအသုံးပြု၍ အဓိကကျမ်းချက်အား အဖွဲ့လိုက် အလွတ်ကျက်မှတ်ပါ။

  က ၁း၁

အဓိကအကြောင်းအရာများအား ပြန်လည်လေ့လာခြင်း

- တပည့်တော်များအား ဤသင်ခန်းစာ၏အဓိကသဘောတရားများကို ဖော်ပြစေပါ။ ၎င်းတို့ဖြေဆိုတုန့်ပြန်သောအခါ အောက်ပါအချက်အလက်များအား အကျဉ်းချုံးရည်ညွှန်း၍ အဓိကကျမ်းချက်များအား တပည့်တော်များနားလည်သိရှိကြောင်း သေချာစေပါ။

  ဖန်ဆင်းရှင်

  - ဘုရားသခင်သည် အရာခပ်သိမ်းအား ဘာမှမရှိသည့်အထဲမှ ဖန်ဆင်းခဲ့ပါသည်။ ဖန်ဆင်းခြင်းမတိုင်မီက ဘုရားသခင်မှလွဲ၍ မည်သည့်အရာမျှ မရှိခဲ့ပါ။
  - ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် ၎င်းတို့၌ရှိသောအရာအားလုံးကို ဖန်ဆင်းခဲ့ပါသည်။
  - ဘုရားသခင်သည် အစဉ်အမြဲတည်ရှိနေခဲ့သောဘုရားဖြစ်သည်။ ဘုရားသခင်၌ စတင်ဖြစ်ခြင်းဆိုသည်မရှိပါ။
  - အရာခပ်သိမ်း၏ဖန်ဆင်းရှင်ဖြစ်သောဘုရားသခင်သည် စစ်မှန်သောတစ်ဆူတည်းသောဘုရားဖြစ်ပါသည်။

  ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်း

  - ကျွန်ုပ်တို့ဘုရားသခင်ကဲ့သို့ ကြီးမားမြင့်မြတ်သောသူမရှိပါ။ ဤအချက်အား ဖန်ဆင်းခြင်း၌ထင်ရှားစွာတွေ့မြင်ရသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအားဖြင့် ဘုန်းထင်ရှားတော်မူသည်။
  - ဘုရားသခင်၏ဖန်ဆင်းခြင်းအား ကျွန်ုပ်တို့မျှော်ကြည့်သောအခါ ၎င်းသည် အံ့သြခြင်းမင်သက်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းတို့ကိုဖြစ်ပေါ်စေသည်။

  လူသား၏ထိုက်တန်မှုနှင့် ဘုရားသခင့်မေတ္တာတော်

  - ဘုရားသခင်သည် လူအား သူ့ဥာဏာန်နှင့်အညီ ဖန်ဆင်းခဲ့သည်။ ဤအချက်သည် ကျွန်ုပ်တို့၏တန်ဖိုးကိုသတ်မှတ်ပေးသည်။ ကျွန်ုပ်တို့၏တန်ဖိုးအား ကျွန်ုပ်တို့၏အရည်အချင်းများ၊ သွင်ပြင်လက္ခဏာ၊ ဥာဏ်ရည်ထက်မြက်မှု (သို့) စည်းစိမ်ဥစ္စာတို့၌ မတွေ့ရှိနိုင်ပေ။
  - ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ဘုရားသခင်သည် ကြောက်မက်ဖွယ်၊ အံ့သြဖွယ်ရာဖန်ဆင်းထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မမွေးဖွားမီကပင် သိရှိခဲ့သည်။
  - ဘုရားသခင်သည် ကျွန်ုပ်တို့အား အတွင်းကျကျသိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အကြောင်းကို အမြဲစဉ်းစားပြီး၊ ကျွန်ုပ်တို့နှင့် တစ်ဦးချင်းရင်းနှီးသောဆက်ဆံမှုမျိုးရရှိလိုသည်။

  တီထွင်ကြံဆမှုရှိသောလူသား

  - တီထွင်ကြံဆနိုင်မှုစွမ်းအားသည် ကျွန်ုပ်တို့အတွင်းထဲ့သွင်းခဲ့သည့် ဘုရားသခင်ဥာဏာန်တော်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။
  - ဘုရားသခင်ကဲ့သို့ ဘာမျှမရှိသည့်အရာထဲမှ တစ်စုံတစ်ခုဖြစ်ပေါ်လာစေရန် ကျွန်ုပ်တို့မပြုလုပ်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းထားသောအရာများအား လှပစေရန်နှင့် အသုံးဝင်စေရန်ပြုလုပ်နိုင်ပါသည်။
  - ကျွန်ုပ်တို့ဥာဏ်သည် ကြီးမားသည့်အရင်းအမြစ်များဖြစ်သည်။ ကျွန်ုပ်တို့အားဘုရားသခင်ပေးထားသောအရာများကို ကောင်းမွန်သောအရာများဖြစ်စေရန်အတွက် ကျွန်ုပ်တို့သည် ၎င်းတို့အား တီထွင်ဆန်းသစ်စွာ အသုံးပြုရမည်။

**အကျဉ်းချုပ်**

- အကျဉ်းချုပ်အားအသံရွတ်ဖတ်ပြပါ။ သို့မဟုတ် သင်ခန်းစာအား သင့်ကိုယ်ပိုင်စကားလုံးများဖြင့် အကျဉ်းချုပ်ပေးပါ။

  ဘုရားသခင်သည် ဖန်ဆင်းခံရသူမဟုတ်ပါ။ သို့သော် အရာခပ်သိမ်းအားဖန်ဆင်းသောအရှင်ဖြစ်သည်။ ဘုရားသခင်သည် စစ်မှန်သော တစ်ဆူတည်းသောဘုရားဖြစ်ပြီး၊ ဖန်ဆင်းခြင်းလက်ရာများအားဖြင့် ဘုန်းကြီးတော်မူသောအရှင်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းအား ဖန်ဆင်းသောအရှင်ဖြစ်သောကြောင့် ချီးမွမ်းခြင်းခံထိုက်သောဘုရားဖြစ်သည်။

  ကျွန်ုပ်တို့သည် ဘုရားသ္ခင်ဏာန်နှင့်အညီဖန်ဆင်းခြင်းခံရသည်။ ကျွန်ုပ်တို့အား ကြောက်မက်ဖွယ်၊ အံ့သြဖွယ် ဖန်ဆင်းထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အတွင်းကျကျသိရှိ၍ ကျွန်ုပ်တို့နှင့်တစ်ဦးချင်းရင်းနှီးအကျွမ်းဝင်သောမိဿဟာယဖွဲ့လိုသည်။ ကျွန်ုပ်တို့အတွင်းရှိ ဘုရားသ္ခင်ဏာန်တော်သည် ကျွန်ုပ်တို့အား တီထွင်ကြံဆမှုရှိသူဖြစ်စေပါသည်။

## လက်တွေ့လိုက်နာကျင့်သုံးခြင်း

**နမူနာမေးခွန်းများနှင့် ဖြစ်နိုင်ခြေရှိသောတုန့်ပြန်ချက်များ**

- တပည့်တော်များအား သင်ခန်းစာကို တစ်ဦးချင်းမည်သို့လိုက်လျှောက်နိုင်ကြောင်း တွေးတောဆင်ခြင်နိုင်ရန်ကူညီပေးပါ။
  - ♦ နောက်သင်ခန်းစာမစတင်မီ ဤသင်ခန်းစာအား မည်သည့်နည်းလမ်းများဖြင့် ကျွန်ုပ်တို့တစ်ဦးချင်းလက်တွေ့လိုက်လျှောက်နိုင်မည်နည်း။ အောက် တွင်ဖော်ပြထားသောအချက်များမှာနမူနာတုန့်ပြန်ချက်များဖြစ်သည်။
    - ◊ ကလေးများအား ဘုရားသခင်၏ဖန်ဆင်းခြင်းနှင့် ကြီးမြတ်ခြင်းအကြောင်းပြောပြပါ။
    - ◊ ဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာများအား ပိုမိုကောင်းမွန်စွာဂရုပြုစောင့်ရှောက်နိုင်ရန် အစီစဉ်ငယ်တစ်ခုပြုလုပ်ပါ။
    - ◊ သူတပါးအားအစေခံရန် နည်းလမ်းများရှာဖွေရာ၌ ကျွန်ုပ်တို့ယခင်ကမလုပ်ဆောင်ဖူးသောအရာများလုပ်ဆောင်ခြင်းဖြင့် တီထွင်ဆန်းသစ်မှု ရှိစေပါ။
    - ◊ ဘုရားသခင်၏ဖန်ဆင်းခြင်းအား သတိပြုကြည့်ရှုပါ။ အခြားသူများအားပြောပြပါ။ ထို့နောက် ထိုအရာအတွက် ဘုရားသခင်အား ချီးမွမ်းပါ။

**တစ်ဦးခြင်းပြန်လည်သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်များချခြင်း**

- ဤသင်ခန်းစာအား တစ်ဦးချင်းမည်ကဲ့သို့လက်တွေ့လိုက်နာကျင့်သုံးမည်ကို လာမည့်ရက်များအတွင်းဆင်ခြင်သုံးသပ်ရန် တပည့်တော်များအားတိုက်တွန်းအားပေးပါ။
- နောက်သင်ခန်းစာမစတင်မီ လက်တွေ့လုပ်ဆောင်ချက်တစ်ခုပြီးမြောက်အောင်လုပ်ဆောင်ရန် သင်၏တပည့်တော်များကိုစေခိုင်းပါ။ လက်တွေ့ လိုက်နာကျင့်သုံးမည့်အစီအစဉ်ဇယားအား ဖြည့်စွက်ရာ၌ အောက်ပါအချက်အလက်များကို ထည့်သွင်းရေးသားစေပါ။
  – ၄င်းတို့ မည်သည့်အရာကိုလုပ်ဆောင်မည်နည်း။ မည်သည့်အချိန်၌ လုပ်ဆောင်မည်နည်း။
  – မည်သူများအား အစေခံမည်နည်း။ သို့မဟုတ် မည်သူများပါဝင်မည်နည်း။ (အိမ်နီးချင်းများ၊ မိတ်ဆွေများ ။ ။ ။ ။)

**ကြားဝင်တောင်းခံခြင်း**

- တပည့်တော်များအား နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ ဖွဲ့လိုက်ပါ။ အချင်းချင်းအတွက်ဆုတောင်းစေပါ။ အထူးသဖြင့် ၎င်းတို့၏ လက– ်တွေ့လိုက်နာကျင့်သုံးမည့်အစီအစဉ်များအတွက် ဆုတောင်းစေပါ။

**ပေါင်းကူးဆက်သွယ်ပေးသောမေးခွန်း**

- ပေါင်းကူးဆက်သွယ်ပေးသောမေးခွန်းကိုမေးပါ။ သို့ရာတွင်ဖြေကြားခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းမပြုလုပ်ပါနှင့်။

  ဘုရားသခင်သည် အရာခပ်သိမ်းအားဖန်ဆင်းသောအရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ဖန်ဆင်းသောအရာအားလုံးအပေါ်၌ စိုးစံသောအရှင်လည်းဖြစ်သည်။ ဤအချက်သည် မည်သည့်အဓိပ္ပါယ်နည်း။ ဘုရားသခင်၏ အစိုးတရပြုခြင်းဆိုသည်မှာ အဘယ်နည်း။

**အပိတ်ဆုတောင်း**

- သင်ခန်းစာအဆုံးသတ်ဆုတောင်းရန် တပည့်တော်တစ်ယောက်ယောက်ကိုမခိုင်းစေမီ နောက်ဆုံးညွှန်ကြားချက် အားလုံးပေးပါ။

နောက်ဆက်တွဲလုပ်ဆောင်ရန် – နောက်သင်ခန်းစာမစတင်မီ

လုပ်ဆောင်သင့်သောအရာများမှာ ။ ။ ။ ။

– သင်ခန်းစာနှစ်ခုအကြား ဦးဆောင်အကြံပေးခြင်း

– သင်ခန်းစာနှစ်ခုအကြား လက်တွေ့ကျင့်သုံးမှုအတွေ့အကြုံများ

(နောက်သင်ခန်းစာ၏အစတွင် ဤအရာများကို ပြန်လည်အစီရင်ခံနိုင်ရန် တပည့်တော်များအား အသင့်ဖြစ်နေစေပါ။)